

ရဲရင့်သွေး

# သွေးမျိုးဆက်ရဲ့ ခေါ်ဆောင်ရာ

(ကျန်းချန်)

(Chapter 976-990)

စာစဉ် – ၆၆

## အပိုင်း ( 976 )
## ဂိတ်တံခါး၏ တစ်ဖက်ခြမ်း

*

ကျန်းချန်မှာ ကြီးမားလှသော ဟင်းလင်းပြင် ဂိတ်တံခါးကြီးအား ကြည့်ကာ မနေနိုင်စွာဖြင့် ချီးကျူးမိလိုက်၏ ။

" ဒါက တကယ့်ကို ခမ်းခမ်းနားနားကြီး  တည်ဆောက်ထားတာပဲ ... "

ဂိတ်တံခါးကြီးမှာ ဖြည်းညင်းစွာ လည်ပတ်နေသော စက်ဝိုင်းပုံ အလွှာပေါင်း ကိုးခုဖြင့် တည်ဆောက်ထားပြီး စက်ဝိုင်း၏ အလယ်ဗဟိုတွင်မူ ဟင်းလင်းပြင် ဂိတ်ပေါက်ကြီးတစ်ခု ရှိနေခဲ့သည် ။

ဂိတ်တံခါးကြီး၏ စက်ဝိုင်းပုံ အလွှာတစ်ခုချင်းစီကို မတူညီသော သတ္တုအမျိုးအစားများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည့်အတွက် အရောင်မှာလည်း မတူညီကြချေ ။ အထူးခြားဆုံးမှာ စက်ဝိုင်းပုံအလွှာ တစ်ခုချင်းစီတွင် သန်းထောင်ချီသော ရုန်းစားလုံးများ ရေးထိုးထားခြင်း ဖြစ်သည် ။

ကျန်းချန်မှာ ထို ထူးဆန်းသော ရုန်းစာလုံးများအား တွေ့မြင်လိုက်သည်နှင့် မဟာသိမြင်ခြင်းကျမ်းစာ၌ မှတ်တမ်းတင်ထားသော အချက်အလက် အချို့အား ရုတ်ချည်း ပြန်လည် သတိရလိုက်၏ ။

" မူလရုန်းစာလုံးတွေ ... "

ကျန်းချန်မှာ ကျမ်းစာထဲ၌ မှတ်တမ်းတင်ထားသော မူလရုန်းစာလုံး များအား ပထမဆုံးအကြိမ်အဖြစ် တွေ့မြင်ဖူးခြင်း ဖြစ်သည်။

မူလရုန်းစာလုံးများမှာ အလွန်ရှားပါးလှပြီး နတ်ဘုရားအဆင့် လက်နက်များတွင်ပင်လျှင် ထို ရုန်းစာလုံးများအား မတွေ့ရချေ။ မူလရုန်းစာလုံး၏ အသိအမြင်များမှာ နက်နဲလွန်းလှပြီး ပိုမိုပြီးပြည့်စုံသော လောကဥပဒေသများဖြင့် ဆက်နွယ်နေလျက် ရှိ၏။

ဝိညာဉ်စွမ်းရည် နိမ့်ကျသောသူများသာ မူလရုန်းစာလုံးအား စိုက်ကြည့်မိပါက ဒဏ်ရာအပြင်းအထန် ရရှိသွားနိုင်ပြီး အခန့်မသင့်ပါက ဝိညာဉ်ပြိုကွဲကာ သေဆုံးနိုင်သည်အထိ အန္တရာယ်များလှ၏။

ပုံမှန်အားဖြင့် အထွတ်အထိပ် လက်နက်ထုလုပ်သူများမှာပင်လျှင် မူလရုန်းစာလုံးများအား မထွင်းထုနိုင်ကြချေ။

မူလရုန်းစာလုံးများအား ထွင်းထုရန်မှာ နတ်ဘုရားအဆင့် စွမ်းအင်ကျင့်ကြံမှု အခြေခံလိုအပ်သလို ဖန်တီးခြင်းလောကထက် ပိုမိုပြီးပြည့်စုံသော လောကဥပဒေသ နားလည်မှု ဖြစ်စဉ်ကိုလည်း လိုအပ်ပေသည်။

ထို အချက်ကြောင့် လက်နက်ထုလုပ်သူ အများစုမှာ မူလရုန်းစာလုံးများအား မထုလုပ်နိုင်ကြခြင်း ဖြစ်သည်။

ကျန်းချန်မှာ ဟင်းလင်းပြင် ဂိတ်တံခါးကြီး၏ မျက်နှာပြင်ပေါ်တွင် ရှိနေသည့် သန်းထောင်နှင့်ချီနေသော မူလရုန်းစာလုံးများအား ကြည့်ကာ ပညာရှင်နတ်ဘုရား၏ စွမ်းဆောင်ရည်အား လေးစားချီးကျူးမိသွားခဲ့သည် ။

" ရှန်းရီရဲ့ ဒီကိုယ်ပွားက တစ်လောကလလုံးကို လိမ်ညာလှည့်စားခဲ့တယ်

ဆိုပေမယ့် ဘာပဲဖြစ်ဖြစ် သူ့ရဲ့ ထုလုပ်မှုစွမ်းရည်ကတော့ တကယ်ကို အံ့မခန်း အရည်အချင်း ရှိနေတာပဲ ... "

ကျန်းချန်မှာ လျင်မြန်စွာ ပျံသန်းနေရင်း ဂိတ်တံခါးကြီးနှင့် ပိုမို နီးကပ်လာခဲ့သည် ။ စက်ဝိုင်းပုံ ဂိတ်တံခါးကြီး၏ အလယ်ဗဟိုမှ ဟင်းလင်းပြင် အပေါက်ကြီးမှာ ပြာလဲ့လဲ့ အရောင်တောက်နေသော စွမ်းအင်အလင်းလွှာတစ်ခု ဖုံးအုပ်နေပြီး ပြဒါးသုတ်လိမ်းထားသော မှန်ပြင် ကြီးတစ်ခုပမာ ပြင်ပမှ ပုံရိပ်များ ရောင်ပြန် ထင်ဟပ်နေလျက် ရှိသည် ။

ဂိတ်တံခါး အလယ်ဗဟိုမှ ဟင်းလင်းပြင် အပေါက်ကြီးမှာ ကြီးမားလွန်းလှသဖြင့် ကျန်းချန်မှာ အပြာရောင်ပင်လယ်ပြင်ကြီးဆီသို့ ပြုတ်ကျလာသလို ခံစားလိုက်ရ၏ ။

ထူးဆန်းသည်က အခြားသော ဟင်းလင်းပြင် ဂိတ်တံခါးများ ကဲ့သို့ ၎င်း၏ အနီးပတ်ဝန်းကျင်၌ ပြင်းထန်လှသည့် ဟင်းလင်းပြင် လှုပ်ခတ်မှုများ လုံးဝ ရှိမနေခဲ့ပေ ။ ပကတိတည်ငြိမ်နေသော ဟင်းလင်းပြင်ကို သာ တွေ့မြင်နေရသည် ။

" ဒါက တကယ့်ကို အံ့ဖွယ် ဖန်တီးမှုပဲ ... "

ကျန်းချန်မှာ အပြာရောင် အလင်းပြင်ကြီးရှေ့တွင် လွင့်မျောနေ ရင်း ထို စွမ်းအင်အလင်းများအား အသာတို့ထိကြည့်လိုက်၏ ။

" ဟင်းလင်းပြင် နိယာမတွေနဲ့ ဖွဲ့စည်းထားတဲ့ အလင်းတွေပဲ ... "

ကျန်းချန်မှာ ဂိတ်တံခါး၏ အလုပ်လုပ်ပုံအား အကြမ်းဖျင်း နားလည်သွားပြီ ဖြစ်သည် ။ လက်ရှိ မျိုးနွယ်စုများတွင် အသုံးပြုနေကြ သော ဟင်းလင်းပြင် ဂိတ်တံခါးများနှင့် ကွာခြားနေရခြင်းမှာ ထို ဟင်းလင်းပြင်နိယာမများဖြင့် ဖွဲ့စည်းထားသော အလင်းလွှာကြီးကြောင့်

ဖြစ်သည် ။

ယနေ့ခေတ်တွင် အသုံးပြုနေကြသည့် ဟင်းလင်းပြင်ဂိုိတ်တံခါး အများစုမှာ စွမ်းအင်ကျောက်တုံးများအား အသုံးပြုကာ လည်ပတ်နေကြခြင်း ဖြစ်သည် ။ ပိုမို တိကျစွာ ဖော်ပြရလျှင် စွမ်းအင်ကျောက်တုံးများမှ ထွက်ပေါ်လာသော စွမ်းအင်များကို ဟင်းလင်းပြင်သတ္တုလွှာများဖြင့် အထပ်ထပ် ရစ်ပတ်ကာ ထုလုပ်ထားသည့် စက်ဝိုင်းပုံ ဂိတ်တံခါးကြီးထဲသို့ အစီအရင် လမ်းကြောင်းများမှတဆင့် ဖြတ်သန်းစီးဆင်းစေခြင်း ဖြစ်သည် ။

စွမ်းအင်ကျောက်တုံးများမှ ထွက်ပေါ်လာသော စွမ်းအင်များမှာ ဟင်းလင်းပြင်သတ္တုအလွှာများထဲသို့ ဝင်ရောက်သွားကြပြီးနောက် အစီအရင်၏ အကူအညီဖြင့် ဟင်းလင်းပြင်စွမ်းအင်များအဖြစ် ပြောင်းလဲသွားစေသည် ။ ထို ဟင်းလင်းပြင်စွမ်းအင်များမှာ လမ်းညွှန်အစီအရင်၏ လှည့်ပတ်ပုံအတိုင်း စတင် လည်ပတ်လာကြပြီးနောက် ဂိတ်တံခါးကြီး၏ အလယ်ဗဟိုတွင် တစ်ဖက်တည်နေရာနှင့် ဆက်သွယ်ထားသော ဟင်းလင်းပြင် လမ်းကြောင်းတစ်ခုအား တည်ဆောက်ပေးလိုက်ခြင်း ဖြစ်သည် ။

ဤသို့ဖြင့် ဂိတ်တံခါးထဲသို့ ဝင်ရောက်လိုက်သည်နှင့် ဟင်းလင်းပြင်လမ်းကြောင်းအား ဖြတ်သန်းကာ ဝေးကွာလွန်းသောနေရာမှ အခြား ဟင်းလင်းပြင်ဆုံမှတ် ဂိုိတ်တံခါး တစ်ခုတွင် ပြန်လည် ထွက်ပေါ်လာမည် ဖြစ်သည် ။

အနှစ်ချုပ်ဆိုရသော် ယနေ့ခေတ်မှ ဟင်းလင်းပြင် ဂိတ်တံခါး အများစုမှာ ဟင်းလင်းပြင်စွမ်းအင်ကိုသာ အခြေခံထားခြင်းဖြစ်ပြီး ဟင်းလင်းပြင်နိယာမများအပေါ် တိုက်ရိုက် မှီခိုနေခြင်းမျိုး မဟုတ်ပေ ။ ထို

ကြောင့် ဟင်းလင်းပြင်နိယာမများသာ ဖောက်လွှဲဖောက်ပြန် ဖြစ်လာပါက ထို ဟင်းလင်းပြင် ဂိတ်တံခါးများမှာ အလွန်ပင် အန္တရာယ်များလှ၏ ။

ပညာရှင်နတ်ဘုရား တည်ဆောက်ထားခဲ့သော ဟင်းလင်းပြင် ဂိတ်တံခါးကြီးမှာမူ ဟင်းလင်းပြင်နိယာမများအား တိုက်ရိုက်ဆွဲယူ အသုံးချထားခြင်းဖြစ်သည် ။ ထို့အပြင် ဂိတ်တံခါးအား ထိန်းချုပ်နေသော ဟင်းလင်းပြင်နိယာမမှာ ဖန်တီးခြင်းလောက၏ အခြေခံ ဟင်းလင်းပြင် နိယာမထက် အနည်းငယ်ပင် ပိုမိုအဆင့်မြင့်နေသေးသည် ။

ထို့ကြောင့် ဤဟင်းလင်းပြင် ဂိတ်တံခါးကြီး၏ တည်ရှိမှုအား ဖန်တီးခြင်းလောကမှ နိယာမများက မနှောက်ယှက်နိုင်ကြချေ ။ ကျန်းချန် က ခေါင်းတညိတ်ညိတ်ဖြင့် ရေရွတ်လိုက်သည် ။

" တကယ်ကို လက်ရာမြောက်တဲ့ ဖန်တီးမှုပဲ "

ကျန်းချန်မှာ မူလရန်းစာလုံးများကိုသာ ထွင်းထုနိုင်ပါက ယခုလို ဟင်းလင်းပြင် ဂိတ်တံခါးမျိုးအား သူကိုယ်တိုင် ဖန်တီးနိုင်မည်ဟု ယုံကြည် ချက်ရှိနေခဲ့သည် ။

" ကောင်းပြီ ... တစ်ဖက်မှာ ဘာရှိလဲဆိုတာ သွားကြည့်ကြတာပေ့ါ ... "

ကျန်းချန်က အချိန်မဆွဲတော့ဘဲ ဂိတ်တံခါးကြီး၏ အပြာရောင် အလင်းလွှာထဲသို့ တိုးဝင်လိုက်တော့သည် ။

အပြာရောင်မြင်ကွင်းကျယ်တစ်ခုအား ဖြတ်သန်းလိုက်ပြီးနောက် ကျန်းချန်မှာ ဂိတ်တံခါး၏ တစ်ဖက်မှ တည်နေရာသို့ ချက်ချင်း ရောက်ရှိ သွားခဲ့သည် ။

ဟင်းလင်းပြင်မှာ ပိုမိုလေးလံနေပြီး သူ၏ လှုပ်ရှားမှုများပင်လျှင်

အနည်းငယ် နေးကွေးသွားသလို ခံစားလိုက်ရ၏ ။

" ဘယ်လိုနေရာကြီးလဲ ...? "

ကျန်းချန်မှာ မှောင်မိုက်နေသော ဟင်းလင်းပြင်ကြီးအား ကြည့်ကာ တစ်စုံတစ်ခု ပုံမှန်မဟုတ်သလို ခံစားလိုက်ရ၏ ။

" နေဦး .. ဒီ ပုံရိပ်တွေက ... "

ကျန်းချန်မှာ သူ့ရှေ့၌ အနက်ရောင် ကုန်းမြေထုကြီးတစ်ခု ရှိနေကြောင်း သတိပြုမိလိုက်သည် ။

ထိုကုန်းမြေကြီးမှာ ချွန်ထက်လှသော တောင်များဖြင့် ပြည့်နေပြီး မြေပြန့်နေရာ အနည်းငယ်မျှပင် မရှိချေ ။

ကုန်းမြေထုကြီး၏ အစွန်းဘက်ဆုံး အပိုင်းမှ တောင်ချွန်များမှာ သိပ်မမြင့်မားကြသော်လည်း ကုန်းမြေအတွင်းဘက်သို့ ပျံသန်းလာလေလေ တောင်ချွန်းများမှာ ပိုမို မြင့်မားလာလေလေ ဖြစ်သည် ။

ကျန်းချန်မှာ ရှေ့သို့ ဆက်လက် မပျံသန်းတော့ဘဲ ချွန်ထက်လှသော တောင်တစ်လုံးထက်သို့ ဆက်သက်လိုက်ပြီး ပတ်ဝန်းကျင် အခြေအနေအား လေ့လာကြည့်လိုက်၏ ။

တောင်ချွန်းများမှာ မာကြောလှသော ကျောက်သားများမှ ဖြစ်ပေါ်နေခြင်း ဖြစ်ပြီး မည်သည့် သစ်ပင်အမျိုးအစားမျှ မပေါက်ရောက်ကြပေ ။

အမှောင်ထု၏ သက်ရောက်မှုကလည်း ဤကုန်းမြေကြီး တစ်ခုလုံးအား ခြောက်သွေ့တိတ်ဆိတ်မှု တစ်မျိုးဖြင့် ဖုံးလွှမ်းထားစေခဲ့သည် ။

အထူးခြားဆုံးမှာ လောကနိယာမ စွမ်းအင်များက အနက်ရောင် ကုန်းမြေကြီးတစ်ခုလုံးသို့ ဖြန့်ကျက်စီးဆင်းနေကြခြင်းပင် ။ ကျန်းချန်မှာ တစ်နေရာမှ တစ်နေရာ ပျံသန်းလေ့လာကြည့်ပြီးနောက် အချို့နေရာများ

တွင် လောကနိယာမ စွမ်းအင်များ အလွန် ထူထပ်သိပ်သည်းလွန်းနေကြောင်း အံ့အားသင့်ဖွယ် တွေ့ရှိလိုက်၏ ။

ထိုသို့ နိယာမစွမ်းရည်များဖြင့် ရောနှောနေသော စွမ်းအင်များ သိပ်သည်းလွန်းနေပုံမျိုးကို အခြားမည်သည့်နေရာတွင်မှ မတွေ့မြင်ဖူးခဲ့ချေ ။

ကျန်းချန်မှာ နိယာမစွမ်းအင်များ သိပ်သည်းနေသည့် နေရာများနှင့် ၎င်း ပတ်ဝန်းကျင် ဧရိယာများအား သေချာစစ်ဆေး လေ့လာကြည့်လိုက်၏ ။

အချိန်အတော်ကြာ စစ်ဆေးကြည့်ပြီးနောက် ကျန်းချန်မှာ ပိုမို အံ့အားသင့်ဖွယ်ကောင်းသော အရာတစ်ခုအား ရှာဖွေတွေ့ရှိလိုက်ရသည် ။

ထိုသည်က သူ အာရုံခံစားမိနေသော လောကနိယာမ စွမ်းအင်များမှာ တစ်နေရာမှ တစ်နေရာသို့ အရှိန်အဟုန်ဖြင့် စီးဆင်းနေကြခြင်းပင် ။ လောကနိယာမ စွမ်းအင်ဟု သုံးနှုန်းထားသောလည်း ထိုသည်က ပုံမှန် ဝိညာဉ်စွမ်းအင်များသာ ဖြစ်သည် ။ ထူးခြားချက်မှာ ထို ဝိညာဉ်စွမ်းအင်များတွင် လောကနိယာမ အမျိုးမျိုးအား သယ်ဆောင် ထားခြင်းသာ ဖြစ်သည် ။

ထို စွမ်းအင်များမှာ အမှောင်ထုဖြင့် ဖုံးလွှမ်းနေသော ကုန်းမြေတိုက်ကြီး တစ်လျှောက် တစ်နေရာမှ တစ်နေရာသို့ အရှိန်အဟုန်ပြင်းစွာ ဖြန့်ကျက်စီးဆင်းနေကြခြင်း ဖြစ်သည် ။

" ဒါက ဘယ်လို နေရာကြီးလဲ ...? "

ကျန်းချန်မှာ လောကနိယာမစွမ်းအင်များ စီးဆင်းနေသည့် လမ်းကြောင်းများအတိုင်း လိုက်ပါသွားကာ ခြေရာခံကြည့်ပါက ဤ

ကုန်းမြေကြီး၏ လျှို့ဝှက်ချက်အချို့အား ရှာဖွေဖော်ထုတ်လိမ့်နိုင်မည်ဟု သုံးသပ်မိလိုက်သည် ။

" လောကနိယာမ စွမ်းအင်စီးကြောင်းကြီးတွေက တစ်နေရာရာမှာတော့ ပေါင်းဆုံသွားမှာပဲ ... ဒီလို လောကနိယာမတွေကို အရှိန်အဟုန်နဲ့ စီးဆင်းစေနိုင်တာက ဘယ်လို အကြောင်းအရင်းတွေကြောင့်များ ဖြစ်မလဲ ..? "

ကျွန်းချန်မှာ လောကနိယာမများ စီးဆင်းနေရခြင်း၏ အကြောင်းအရင်းအား ရှာဖွေကြည့်ရန် ဆုံးဖြတ်လိုက်၏ ။

" ဘယ်လိုအရာကများ ဒီလို ကြီးမားတဲ့ လှုပ်ရှားမှုကြီးတွေကို ဖြစ်ပေါ်စေတာလဲ ဆိုတာ သေချာ စုံစမ်းကြည့်ရမယ် ... "

***